ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်
# ပြည်ထောင်စု၏ နောက်ထပ်
# ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်

# ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၃။)

၁၃၇၈ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ( ၁ )

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း ( ၂ )

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈) နှင့် (၉) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ

အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါတာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန် ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက ကတာဝန်ပေးသူ | ၁၄၀.၀၀၀ | | | ၁၃၃.၅၀၂ | | | | | ၂၇၃.၅၀၂ |
| ၂ | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | | | | ၁၂၂.၈၀၃ | | | | | ၁၂၂.၈၀၃ |
| ၃ | ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၈.၉၀၂ | | | ၈.၈၅၉ | | | | | ၁၇.၇၆၁ |
| ၄ | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | | ၆၃.၈၄၉ | | | | | ၆၃.၈၄၉ |
| ၅ | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၅.၅၀၀ | | | ၆.၀၀၀ | | | | | ၄၁.၅၀၀ |
| | | | ပေါင်း | ၁၈၄.၄၀၂ | | | ၃၃၉.၀၁၃ | | | | | ၅၂၃.၄၁၅ |

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752584

ဇယား(၂)
(ကျပ်သန်းပေါင်း)

| | | | | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ကြွေးမြီ | | | | |
| | | ကြောင်းအရာ | တာဝန်ခံသူ | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၀၂၀.၄၈၅ | | | | | | | | ၁,၀၂၀.၄၈၅ |
| | | | ၄င်း | ၁၃,၄၅၁.၉၄၄ | | ၅၉.၂၅၀ | ၂၇,၈၅၀.၃၉၅ | | | | | ၄၁,၃၆၁.၅၈၉ |
| | | | ၄င်း | ၁၀,၆၁၁.၇၃၅ | | | ၈၆,၂၈၄.၉၉၂ | | | | | ၉၆,၈၉၆.၇၂၇ |
| | | | ၄င်း | ၅၄၄.၇၄၃ | | ၂,၉၆၂.၅၀၀ | ၅,၁၄၉.၅၀၄ | | | | | ၈,၆၅၆.၇၄၇ |
| | | ရုံး | ၄င်း | ၁၄၈.၁၆၁ | | | | | | | | ၁၄၈.၁၆၁ |
| | | | ၄င်း | | | | ၈.၀၃၆ | | | | | ၈.၀၃၆ |
| | | ကျူးမှု | ၄င်း | ၂၉၈.၂၈၁ | | | ၆၃၁.၉၇၃ | | | | | ၉၃၀.၂၅၄ |
| | | းနှင့်ဆည်မြောင်း | ၄င်း | ၅,၉၂၆.၆၅၈ | ၅.၀၀၀ | ၂၁,၁၅၄.၁၀၉ | ၅၇,၃၉၆.၆၇၇ | | | | | ၈၄,၄၈၂.၄၄၄ |
| | | ပွယ်ရေး | ၄င်း | ၂,၁၁၂.၂၃၅ | | | ၄,၂၅၆.၂၅၈ | | | | | ၆,၃၆၈.၄၉၃ |
| | | ပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၄င်း | ၈၈၈.၇၉၉ | | ၆.၄၆၂ | ၃,၁၂၇.၇၀၇ | | | | | ၄,၀၂၂.၉၆၈ |
| | | | ၄င်း | ၁၀၄.၃၄၃ | ၂၆.၃၉၂ | | ၂၃,၀၄၃.၆၆၀ | | ၁,၆၈၉.၃၃၆ | | | ၂၄,၈၆၃.၇၃၁ |
| | | ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၄င်း | ၇၈.၁၃၁ | | | ၂၀၀.၁၀၂ | | | | | ၂၇၈.၂၃၃ |
| | | | ၄င်း | ၁၀၇.၁၉၀ | | | ၃၇၉.၀၀၈ | | | | | ၄၈၆.၁၉၈ |
| | | | ၄င်း | ၄၈,၄၄၄.၂၂၇ | | ၂၁.၅၄၉ | ၅၀,၆၉၉.၁၉၀ | | | | | ၉၉,၁၆၄.၉၆၆ |
| | | စား | ၄င်း | ၁၀,၁၇၈.၄၄၁ | | ၅၂.၀၀၀ | ၂၀,၁၂၈.၆၃၄ | | | | | ၃၀,၃၅၉.၀၇၅ |
| | | | ၄င်း | ၂၂၈,၃၉၆.၆၉၁ | | | ၁,၂၀၃.၇၂၃ | | | | | ၂၂၉,၆၀၀.၄၁၄ |
| | | | ၄င်း | ၁,၀၈၅.၂၉၀ | | ၃.၇၄၉ | ၄၇,၉၅၇.၈၀၈ | | | | | ၄၉,၀၄၆.၈၄၇ |
| | | သ်ရေးနှင့်ပြန်လည်နေရာ | ၄င်း | ၃၇.၀၆၆ | | ၈၅၇.၀၁၀ | ၅၀၁.၈၃၁ | | | | | ၁,၃၉၅.၉၀၇ |
| ၁၉ | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၄င်း | ၂၄၆.၉၃၀ | | | ၆၈.၀၂၂ | | | | | ၃၁၄.၉၅၂ |
| ၂၀ | | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လိုငွေဖြည့်ဆည်းခြင်းအတွက် ထောက်ပံ့ငွေ | ၄င်း | | | ၁၇,၉၂၉.၅၁၂ | | | | | | ၁၇,၉၂၉.၅၁၂ |
| | | ပေါင်း | | ၃၂၃,၆၈၁.၃၅၀ | ၃၁.၃၉၂ | ၄၃,၀၄၆.၁၄၁ | ၃၂၈,၈၈၇.၅၂၀ | | ၁,၆၈၉.၃၃၆ | | | ၆၉၇,၃၃၅.၇၃၉ |